**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၄၂ / ၂၀၂၂**

**၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်**
**(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၇ ရက်)**

**မှတ်ပုံတင်ခြင်း (Registration) လုပ်ငန်းစဉ်အတွက် ပုံစံများ သတ်မှတ်ထုတ်ပြန်ခြင်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၉၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁နှင့် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅ တို့အရ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုရမည့်ပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည် -

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁။ | အခွန်ထမ်းမှတ်ပုံတင်အမှတ် လျှောက်လွှာပုံစံ | ပတခ(ဝင)-၀၁-၀၁ |
| ၂။ | သတင်းအချက်အလက်တောင်းခံလွှာ | ပတခ(ဝင)-၀၁-၀၁(က) |
| ၃။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ဂ) တို့အရ ထုတ်ပေးသည့် အခွန်ထမ်းမှတ်ပုံတင်လက်မှတ် | ပတခ(ဝင)-၀၁-၀၂ |
| ၄။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ၉၊ ပုဒ်မခွဲ(စ)နှင့်ပုဒ်မခွဲ(ဆ) တို့အရ ဝင်ငွေခွန်ဆိုင်ရာ သတင်းအချက်အလက်များ ပြောင်းလဲမှုတင်ပြလွှာ | ပတခ(ဝင)-၀၁-၀၃ |
| ၅။ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၃ တို့အရ ကုန်စည် ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူက မှတ်ပုံတင်ရန် သို့မဟုတ် သက်တမ်းတိုးရန် လျှောက်လွှာ | ပတခ(ကသခ)-၀၁-၀၁ |
| ၆။ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၆ တို့အရ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို စတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာ | ပတခ(ကသခ)-၀၁-၀၁(က) |

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၇။ | ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄ အရ ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူအား ထုတ်ပေးသည့် လုပ်ငန်းမှတ်ပုံတင်လက်မှတ် | ပတခ(ကသခ)-၀၁-၀၂ |
| ၈။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(စ) နှင့် ပုဒ်မခွဲ(ဆ) တို့အရ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာသတင်းအချက်အလက်များ ပြောင်းလဲမှု တင်ပြလွှာ | ပတခ(ကသခ)-၀၁-၀၃ |
| ၉။ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ)နှင့် ကုန်သွယ် လုပ်ငန်းခွန်စည်းမျဉ်း ၇ တို့အရ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း အတွက် မှတ်ပုံတင်ရန် သို့မဟုတ် သက်တမ်းတိုးရန် သို့မဟုတ် လုပ်ငန်း စတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာပေးပို့ရန် အကြောင်းကြားစာ | ပတခ(ကသခ)-၀၁-၀၄ |
| ၁၀။ | အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ဃ)နှင့် အထူး ကုန်စည်ခွန်နည်းဥပဒေ ၃၊ ၅၊ ၆၊ ၇၊ ၈ တို့အရ အထူးကုန်စည်ကို တင်သွင်းသူ သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူက မှတ်ပုံတင်ရန် သို့မဟုတ် သက်တမ်းတိုးရန် လျှောက်လွှာ | ပတခ(အထခ)-၀၁-၀၁ |
| ၁၁။ | အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ)၊ အထူးကုန်စည်ခွန် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေ ၁၀ နှင့် ၁၁ တို့အရ အထူးကုန်စည်ကို တင်သွင်းသူ သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူအား ထုတ်ပေးသည့် လုပ်ငန်းမှတ်ပုံတင်လက်မှတ် | ပတခ(အထခ)-၀၁-၀၂ |
| ၁၂။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (စ) နှင့် (ဆ) တို့ အရ အထူးကုန်စည်ခွန်ဆိုင်ရာ သတင်းအချက်အလက်များ ပြောင်းလဲမှု တင်ပြလွှာ | ပတခ(အထခ)-၀၁-၀၃ |
| ၁၃။ | အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ အထူးကုန်စည် ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် တင်သွင်းမှုလုပ်ငန်း သို့မဟုတ် တင်ပို့မှုလုပ်ငန်းအတွက် မှတ်ပုံတင်ရန် သို့မဟုတ် သက်တမ်း တိုးရန် အကြောင်းကြားစာ | ပတခ(အထခ)-၀၁-၀၄ |

၂။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၁၅၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ(ခ)၊ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)နှင့် အထူးကုန်စည်ခွန်နည်းဥပဒေ

များ၏ နည်းဥပဒေ ၆၃ တို့အရ ယခင်ထုတ်ပြန်ခဲ့သည့် ပုံစံများအနက် အခွန်ထမ်းမှတ်ပုံတင်ခြင်း ဆိုင်ရာပုံစံများအား ဤအမိန့် ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(မင်းထွဋ်)

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁)/ ဥစ-၁/ ပတခ/ ၂၀၂၂ ( ၁၃၉၇ )

ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၇ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်အားလုံး

ဌာနခွဲညွှန်ကြားရေးမှူးအားလုံး

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅)

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပါသည်။

အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး

အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)

ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာန website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ